


## အင်တာနက်ဖြင့် ပြောဆိုခြင်း (Zoom) ဖြင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**ယခုလက်ရှိတယ်လီဖုန်း၊ အီးမေးလ်နှင့် မိခင်ဘာသာဖြင့် ဆွေးနွေးတိုင်ပင်မှု ပြုလုပ်ခြင်းအပြင်အင်တာနက် အစည်းအဝေးစနစ် Zoom ကိုအသုံးပြု၍ အင်တာနက်ဖြင့် ပြေဆိုတိုင်ပင်ခြင်း ပြုလုပ်လာနိုင်ပါသည်။ တယ်လီဖုန်းနံပါတ်မရှိသော်လည်း Wi-fi ရှိပါက အင်တာနက်လိုင်းကိုအသုံးပြု၍ တိုင်ပင် နိုင်ပါသည်။**

**8 ဘာသာဖြင့် တိုင်ပင်နိုင်သဖြင့်လက်မလွှတ်ပဲ လွတ်လပ်ပေါ့ပါးစွာ တိုင်ပင်စေလိုပါသည်။**

**(ဗီယက်နမ်ဘာသာ၊ တရုတ်ဘာသာ၊ အင်ဒိုနီးရှားဘာသာ၊ ဖိလစ်ပိုင်ဘာသာ၊ အင်္ဂလိပ်စာ၊ ထိုင်းဘာသာ၊ ကမ္ဘောဒီယားဘာသာနှင့် မြန်မာဘာသာ)**

**※ရှေးဦးစွာ အီးမေးလ်အကောင့်ကို ပြင်ဆင်ထားရပါမည်။ ထို့အပြင်လက်ကိုင်ဖုန်း၊ Tablet ကို အသုံးပြုသူသည် Zoom အပလီကို ဒေါင်းလုတ် ပြုလုပ်ပြုထားရပါမည်။**

**※အခမဲ့ဖြစ်သည်　※ကင်မရာကို ပိတ်၍ အသံဖြင့်သာ တိုင်ပင်ရပါမည်။　　※ဧပြီလ ၁၂ရက်(ဗုဒ္ဓဟူး)မှ စတင်မည်**

Zoom အင်တာနက်ဖြင့် စကားပြောဆိုရန် လုပ်ကိုင်ပုံ အဆင့်ဆင့်

**①နိုင်ငံခြားသားနည်းပညာသင်တန်းကြီးကြပ်ရေးကော်မတီ(OTIT)၏ မိခင်ဘာသာဖြင့်ဆွေးနွေးရန်ဖေါင်တွင် လိုအပ်သည်များကိုဖြည့်၍မိခင်ဘာသာဖြင့်ဆွေးနွေးရာဌာနသို့အီးမေးလ်ပို့ဆောင်ရပါမည်။ (https://www.support.go.jp/soudan/mm/)**

**※အီးမေးလ်သည် Gmail ၊ Outlook စသည့် အခမဲ့ မေးလ်များကို အသုံးပြုနိုင်ပါသည်။**

**②ဆွေးနွေးတိုင်ပင်လိုသဝေတ နေ့ရက်အချိန်ကို မိခင်ဘာသာဖြင့် ဆွေးနွေးရာဌာနနှင့် အီးမေးလ်မှ ရက်ချိန်းကာ အွန်လိုင်းအစည်းအဝေး၏ URL ၊ ID ၊ Passwordကို ရယူပါ။**

**※တိုင်ပင်နိုင်သည့် နေ့ရက်အချိန်သည် မိခင်ဘာသာဖြင့် ဆွေးနွေးရာဌာန ဖွင့်လှစ်ရာ ရက်အချိန် ဖြစ်ပါသည်။**

**③Zoom အပလီ「Zoom Cloud Meeting」ကိုဒေါင်းလုပ်လုပ်၍ အင်စတိုးပြုလုပ်ပါ။ ※အကောင့်စာရင်းသွင်းရန် မလိုပါ၊**

**④ဆွေးနွေးသည့်ရက်အချိန်တွင်URLမှZoomအွန်လိုင်းအစည်းအဝေးကိုချိတ်ဆက်ပြီးစတင် စကားပြောဆို တိုင်ပင်နိုင်သည်။**

**⑤ဆွေးနွေးသည့်ရက်အချိန်တွင် ဓါတ်ပုံ၊ ဗီဒီယိုစသည့် ဒေတာများကို တင်ပြတိုင်ပါသည်။**

**◆မိခင်ဘာသာဖြင့် ဆွေးနွေးရန် နေ့ရက်အချိန်**

| တိုင်ပင်နိုင်သောဘာသာ | တိုင်ပင်နိုင်သောရက် | တိုင်ပင်နိုင်သော အချိန် | | တိုင်ပင်နိုင်သောဘာသာ | တိုင်ပင်နိုင်သောရက် | တိုင်ပင်နိုင်သော အချိန် |
|---|---|---|---|---|---|---|
| ဗီယက်နမ် | တနင်္လာ မှ စနေ | တနင်္လာ မှ သောကြာ ၁၁'၀၀ မှ ၁၉:၀၀ | | အင်္ဂလိပ်ဘာသာ | အင်္ဂါ.ကြာသပတေး.စနေ | တနင်္လာ မှ သောကြာ ၁၁'၀၀ မှ ၁၉:၀၀ |
| တရုပ်ဘာသာ | တနင်္လာ.ဗုဒ္ဓဟူး သောကြာ. စနေ | | | ထိုင်းဘာသာ | ကြာသပတေး.တနင်္ဂနွေ | |
| အင်ဒိုနီးရှား | အင်္ဂါ.ကြာသပတေး | စနေ / တနင်္ဂနွေ ၀၉'၀၀ မှ ၁၇'၀၀ | | ကမ္ဘောဒီးယား | ကြာသပတေး | စနေ / တနင်္ဂနွေ ၀၉'၀၀ မှ ၁၇'၀၀ |
| ဖိလစ်ပိုင် | အင်္ဂါ.ကြာသပတေး စနေ | | | မြန်မာ | အင်္ဂါ | |

【အင်တာနက်ဖြင့် စကားပြောဆိုတိုင်ပင်ခြင်းဆိုင်ရာ သတိပြုရန်အချက်များ】

●လိုင်းသုံးဆွဲခ (ဒေတာအပါ) စသည့် အင်တာနက်ဖြင့် စကားပြောဆိုခကို ကာယကံရှင်က ကုန်ကျရပါမည်။

●အင်တာနက်ဖြင့် စကားပြောဆိုရာတွင်အင်တာနက်နှင့် ပါတ်သက်သော ပြဿနာများသည် ကာယကံရှင်၏တာဝန်သာဖြစ်သည်။

●အင်တာနက်ဖြင့် စကားပြောဆို၍ ရရှိထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တင်းကျပ်စွာ ကိုင်တွယ်အသုံးချပါမည်။

●အင်တာနက်ဖြင့် စကားပြောဆိုသူသည် တစ်ခြားသပ်မှတ်ထားသော「အင်တာနက်ဖြင့် မိခင်ဘာသာနှင့် ဆွေးနွေးခြင်း ဆိုင်ရာ စည်းမျဉ်းများကို」လုံးဝဥသုံ လိုက်နာရမည်။

※ထို့အပြင် Facebook Messengerမှ အသံဖြင့် ဆွေးနွေးတိုင်ပင်ခြင်းကို ၂၀၂၃ခု ဧပြီလ ၂၇ရက်နေ့တွင် ရပ်နားမည် ဖြစ်ပါသည်။


■စုံစမ်းရန်

OTIT

နိုင်ငံခြားသား နည်းပညာသင်တန်းကြီးကြပ်ရေးကော်မတီ(Organization for Technical Intern Training)
ဦးဆောင်ညွှန်ကြားရေးနှင့် ထောက်ပန့်ရေးဌာန အဖွဲ့ခွဲ　　TEL０３－６７１２－１９６５

## အင်တာနက်မှ မိခင်ဘာသာနှင့် စကားပြောဆိုတိုင်ပင်ရာ စည်းမျဉ်းများ

နိုင်ငံခြားသားနည်းပညာသင်တန်း ကြီးကြပ်ရေးကော်မတီ (ဤနောက်ပိုင်း「ကော်မတီ」ဟုသုံးစွဲမည်) က ပြုလုပ်မည့် အင်တာနက်မှ မိခင်ဘာသာဖြင့် တိုင်ပင်ခြင်း (ဤနောက်ပိုင်း「အင်တာနက်မှ တိုင်ပင်ခြင်း」ဟုသုံးစွဲမည်) ကို အသုံးပြုဒရန် ဤစည်းမျဉ်းတွင်းပါ အချက်အလက်များကို သဘောတူရန် လိုအပ်ပါသည်။

ထို့အပြင် အပိုဒ် ၆ အရ အသုံးပြုရန် လျှောက်ထားလာပါက ဤ စည်းမျဉ်းကို သဘောတူညီသည်ဟု သပ်မှတ်ပါမည်။

အပိုဒ် 1 (ရည်ရွယ်ချက်)

ကော်မတီ၏ မိခင်ဘာသာဖြင့် တိုင်ပင်မှု လုပ်ငန်း၏ ဝန်ဆောင်မှု လုပ်ငန်းတစ်ခုအနေဖြင့် အင်တာနက်မှ တိုင်ပင်ခြင်းကို ပြုလုပ်ပါမည်။

အပိုဒ် 2 (သက်ဆိုင်သူ)

အောက်ပါအချက်များနှင့် ပြည့်စုံပါက အင်တာနက်မှတိုင်ပင်မှုကို ပြုလုပ်နိုင်သည်။

(1)နိုင်ငံခြားးသားအလုပ်သင် သင်တန်းသား (သင်တန်းသား အဟောင်းအပါ)

(2)(1)၏ကိုယ်စားလှယ်(မူအားဖြင့်ဂျပန်စကားပြောရန်ခက်သည့် နိုင်ငံခြားသား)

(3)လက်ကိုင်ဖုန်း၊ P Cစသည့်တို့ရှိ၍ အပိုဒ် 4 ၏ ဆက်သွယ် စကားပြောနိုင်သော အပလီများဖြင့် အင်တာနက်မှ တိုင်ပင်ရန် အသင့်ဖြစ်နေသူ

အပိုဒ် 3 (အသုံးပြုခ)

အခမဲ့ အင်တာနက်မှ တိုင်ပင်နိုင်ပါသည်။ သို့သော် အင်တာနက်မှ တိုင်ပင်မှုကို အသုံးပြုရန် စက်ကရိယာ・ဆက်သွယ်ခကို အင်တာနက်မှ တိုင်ပင်သူ (ဤနောက်ပိုင်း「အသုံးပြုသူ」ဟုသုံးစွဲမည်) က ကုန်ကျခံရမည်။

အပိုဒ် 4 (ဆက်သွယ်ရန် အသုံးပြုသော အပလီ)

အင်တာနက်မှ တိုင်ပင်ရန် အင်တာနက် အပလီ「ZOOM」ကို အသုံးပြုမည်။

အင်တာနက်မှ တိုင်ပင်ရန် 「 ZOOM ဝန်ဆောင်မှု စည်းမျဉ်း」ကို သဘောတူညီရန်လိုအပ်ပါသည်။ အင်တာနက်မှ တိုင်ပင်မှု ပြုလုပ်ပါက ထိုစည်းမျဉ်းကို သဘောတူညီပြီးဟု သပ်မှတ်ပါမည်။

အပိုဒ် 5 (အသုံးပြုရန် ပါတ်ဝန်းကျင်)

အသုံးပြုသူသည် အောက်ပါ(ကရိယာ・အင်တာနက်) ရှိပါက တိုင်ပင်နိုင်ပါသည်။

(1)အသုံးပြုသူသည်ကွန်ပြူတာဗိုင်းယပ်စ်မရှိသော ကရိယာကို အသုံးပြုရမည်။

(2)အသုံးပြုသူ၏ ကရိယာသည် အင်တာအက်နက်နှင့် ချိတ်ဆက်ပြီးဖြစ်ရမည်။。(မသေချာ၊စိတ်မချရသောအခမဲ့အင်တာနက်လိုင်းများအသုံးပြုမှုကို မပြုလုပ်ရ)

အပိုဒ် 6 (လျှောက်လွှာတင်ခြင်းဆိုင်ရာ)

(1) လျှောက်လွှာတင်ရာတွင် အောက်ပါအချက်များကို အသိပေးစေလိုပါသည်။ ထို့အပြင် ဒုတိယအကြိမ်တိုင်ပင်ရန် အင်တာနက်မှတိုင်ပင်နေစဉ် ပြုလုပ်နိုင်သည်။

① အမည်............. ② မွေးရက် ............. ③တိုင်ပင်လိုရက်

④ ဆက်သွယ်ရန် အီးမေးလ် လိပ်စာ

(2) ရက်ချိမ်းယူပြီးနောက် ဤကော်မတီတွင်း ညှိနှိုင်းကာ အင်တာနက်မှ တိုင်ပင်ရန် URL ကို အသိပေးပါမည်။

(3)ရက်ချိန်းပယ်ဖျက်လိုပါက အီးမေးလ်ဖြင့် အကြောင်းကြားစေလိုပါသည်။ ထို့အပြင် အကြောင်းမကြားပဲ (2)၏ ရက်ချိန်းကို၁၀ မိနစ်ကျော်သွားပါက ပယ်ဖျက်ခံရပါမည်။ အကြောင်းမကြားပဲဖျက်ပါက နောင်အခါ အင်တာနက်မှ တိုင်ပင်မှုကို ငြင်းဆိုခြင်း ခံရနိုင်ပါသည်။

အပိုဒ် 7 (အသုံးပြုမှု မှတ်တမ်းဆိုင်ရာ)

(1) ကော်မတီသည် အင်တာနက်မှ တိုင်ပင်ရန် ထိမ်းချုပ်ခြင်း၊ အသုံးပြုမှုကို သိရှိရန်နှင့် လွယ်ကူစွာ အသုံးပြုရန် အင်တာနက်မှ တိုင်ပင်နိုင်သည့် အချိန်၊ ဆိုဒ်နှင့် ချိတ်ဆက်မှု မှတ်တန်းကို အသုံးပြုသူ့စက်၏ အချက်အလက်များအား မှတ်သားထားသည် များလည်း ရှိနိုင်ပါသည်။

(2)ကော်မတီက အင်တာနက်မှ တိုင်ပင်ခြင်းနှင့် ပါတ်သက်၍ အသုံးပြုသူမှ တင်ပြသော ဒေတာမှတ်တမ်းနှင့် ပါတ်သက်၍ ကော်မတီအား ပေးအပ်ထားသော အရာအဖြစ် ဤလုပ်ဆောင်မှုများ အတွက် အသုံးချရန် အသုံးပြုသူက သဘောတူညီသည်ဟု သပ်မှတ်မည်။

(3) ကော်မတီသည် ရှေ့အပိုဒ် 1 တွင် ပြဌန်းထားသော မှတ်တမ်းအချက်များကို အသီးသီးသော အသုံးပြုသည့်စက်ကို သိရှိနိုင်သော ပုံစံဖြင့် မဖော်ပြပါ။ သို့သော် ဥပဒေအရအစိုးရ ရုံးဌာနများမှ ပြသရန် တောင်းဆိုလာသည့်အခါ လိုက်နာ တင်ပြပါမည်။

အပိုဒ် 8 (ကိုယ်ရေးကိုယ်တာ အချက်အလက် စောင့်ထိမ်းခြင်း)

(1) အသုံးပြုသူသည် ကိုယ်ရေးကိုယ်တာအချက်များကို လုပ်ငန်းရည်ရွယ်ချက် အပြင် အသုံးချခြင်း၊ တစ်ခြားသော သူများအား ပြသခြင်းနှင့် သတင်းပေါက်ကြားမှုများ မရှိစေရန်လိုအပ်သော လုပ်ဆောင်မှုများ ပြုလုပ်ပြီး လျှို့ဝှက်စွာ အသုံးချပါမည်။

(2) အသုံးပြုသူသည် အပိုဒ် 12 ပိုဒ်ခွဲ (3)တွင် ချမှတ်ထားသော အချက်များကို သိုသိပ်စွာ စောင့်ထိမ်း လိုက်နာ ဆောင်ရွက်သူဟု သပ်မှတ်မည်။

အပိုဒ် 9 (တာဝန်မယူသော အချက်များ)

(1) အင်တာနက်မှ တိုင်ပင်ခြင်းနှင့်ပါတ်သက်၍ သုံးစွဲသူ၏ ဆက်သွယ်မှု ပါတ်ဝန်းကျင် (ကရိယာ၊ လိုင်း၊ အပလီစသည့် အရာအားလုံးအပါ) တွင် ဖြစ်ပေါ်သော ပြဿနာများနှင့် တတိယသူအတွက် ထိခိုက်နစ်နာမှုများအပေါ် ဤကော်မတီသည် လုံး၀ တာဝန်မယူပါ။ ဆက်နွယ်သော လျော်ကြေးပေးဆောင်မှု တာဝန်ကို လုံး၀ မယူပါ။

(2) သာမာန်လုံခြုံရေးဆိုင်ရာ ကာကွယ်မှုကို မပြုလုပ်နိုင်သော ပြင်ပမှ ဆာဗာသို့ ဝင်ရောက်နှောက်ယှက်မှု၊ မီးပျက်ခြင်း စသည်တို့ကို ဤ ကော်မတီက လုံး၀တာဝန်မ ပါ။ ဆက်နွယ်သော လျော်ကြေးပေးဆောင်မှု တာဝန်ကို လုံး၀ မယူပါ။

အပိုဒ် 10 (ပေးလျော်မှု)

သုံးစွဲသူသည် ဤစည်းမျဉ်းကို ဖေါက်ဖျက်၍ ကော်မတီအား ထိခိုက်နစ်နာမှုများရှိပါက ထိုထိခိုက်နစ်နာမှုအတွက် သုံးစွဲသူက ပေးလျော်ရပါမည်။

အပိုဒ် 11 (ဥပဒေကို လိုက်နာခြင်း)

သုံးစွဲသူသည် အင်တာနက်မှ တိုင်ပင်ခြင်းနှင့် ပါတ်သက်၍ ဤစည်းမျဉ်းချက်ကို ဖြည့်စွက်၍သက်ဆိုင်ရာ ဥပဒေ၊ အမိန့်၊ ထုတ်ပြန်ချက်နှင့် ကန့်သတ်ချက်စည်းမျဉ်းများကို လိုက်နာရပါမည်။

အပိုဒ် 12 (တစ်ခြားသော မှတ်သားရန်အချက်များ)

(1) ထိခိုက်နစ်နာ၊ နာကျဉ်စေခြင်း၊ တရားမဝင် မသင့်တော်သော အင်တာနက်မှ တိုင်ပင်ခြင်းများ ပြုလုပ်သည်ဟု သပ်မှတ်ပါက၊ အင်တာနက်မှ တိုင်ပင်မှုကို ရပ်တန့်သို့မဟုတ် ပယ်ဖျက်ခြင်းများ ပြုလုပ်ပါမည်။

(2) အင်တာနက်မှ တိုင်ပင်မှုကို ပြုလုပ်စဉ် သီးသန့်နေရာ သို့မဟုတ် အနီးအနားတွင် တစ်ခြားသူများမရှိစေရန် ရွေးချယ်အသုံးပြုပေးစေလိုပါသည်။ စကားပြန်နှင့် တစ်ခြားကူညီမှုပေးသူများပါ အတူတစ်ကွ ဆွေးနွေးပါက ကြိုတင်၍ ဤကော်မတီကို အသိပေးစေလိုပါသည်။

(3) အင်တာနက်မှ တိုင်ပင်ခြင်ကို ရှေ့အပိုဒ် 4 တွင် သပ်မှတ်ထားသော အပလီကို အသုံးပြုနိုင်သော အနေအတားဖြင့် ထားရှိစေလိုပါသည်။ ထို့အပြင်ချိတ်ဆက်မှု အနေအထားက အင်တာနက်မှ တိုင်ပင်မှုကို နှောက်ယှက်မှုမပြုစေရန် အတည်ပြုစစ်ဆေးထာစေလိုပါသည်။ အင်တာနက်မှ တိုင်ပင်ခြင်းပြုလုပ်မည့် ကရိယာအာ အောက်ပါကဲ့သို့ စီစဉ်ထားစေလိုပါသည်။

・ အင်တာနက်မှ တိုင်ပင်မှုပြုရန် အသုံးပြုသော ဆော့ဝဲယားများသည် အမြဲတစ်စေ နောက်ဆုံးဗားဂျှန်းဖြစ်စေရန် ပြုလုပ်ပြီး အသုံးပြုပေးစေလိုပါသည်။

(4) အင်တာနက်မှ တိုင်ပင်ရန် ချိတ်ဆက်သည့် အခငွေအားလုံးကို သုံစွဲသူက ကုန်ကျခံရပါမည်။ အထူးသဖြင့် ဒေတာပမာဏနည်းသော စနစ်ကိုအသုံးပြုနေပါကအထူးသတိထားပေးစေလိုပါသည်။

အပိုဒ်13 (ဤစည်းမျဉ်းနှင့်ပါတ်သက်၍ ပြောင်းလဲခြင်း)

ကော်မတီသည် သုံးစွဲသူ၏ သဘောတူညီချက်ကို မတောင်းခံပဲ ဤစည်းမျဉ်းများကို ပြောင်းလဲနိုင်သည်။ ပြောင်းလဲပြီးနောက် အင်တာနက်မှ တိုင်ပင်ခြင်းများပြုလုပ်ပါက သုံးစွဲသူသည်ပြောင်းလဲမှုကို သဘောတူသည်ဟု မှတ်ယူမည်။

အပိုဒ် 14 (သက်ဆိုင်ရာဥပဒေနှင့် တရားရုံး)

ဤစည်းမျဉ်းတွင် ဂျပန်နိုင်ငံ တရားဥပဒေကို အသုံးပြုပါမည်။ အင်တာနက်မှ တိုင်ပင်မှုနှင့် ပါတ်သက်သော အငြင်းပွားမှုများကို တိုကျိုဒေသတွင်း တရားရုံးတွင်အမှတ်စဉ်-၁ အထူးတရားရုံးတွင် ဆုံးဖြတ်မှု ပြုလုပ်ပါမည်။

နိုင်ငံခြားသား နည်းပညာသင်တန်းကြီးကြပ်ရေးကော်မတီ ဦးဆောင်ညွှန်ကြားရေးနှင့် ထောက်ပန့်ရေး အဖွဲ့ခွဲ